dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to treat Child Rapists?"***

ဖြစ်ပါတယ်။(ဖေဖော်ဝါရီ ၊၂၀ ၊၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "သက်ငယ်အဓမ္မပြုကျင့်မှုတွေ ပပျောက်အောင် ဘယ်လိုတားဆီးကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်ခံရမှုများမှာ ပြီးခဲ့သည့်နှစ်များအတွင်း မြင့်တက်လာခဲ့ကြောင်း ယင်းတို့ အနက် ထက်ဝက်ခန့်မှာ ကလေးသူငယ်လိင်အကြမ်းဖက်ခံရမှုများဖြစ်နေကြောင်း သတင်းအချက်အလက် များအရ သိရသည်။ ထို့ကြောင့်ပင် ယင်းအမှုအတွက် တရားစီရင်မှုများ အပေါ်ဝေဖန်ထောက်ပြမှုများ လည်း ရှိလာခဲ့သည်။

အမျိုးသမီး နှင့် ကလေးသူငယ်များ အရေးကိစ္စများကို အကျိုးဆောင်ပေးသည့် ဥပဒေရေးရာ ကုစားရေး အဖွဲ့ (Legal Clinic Myanmar) ၏ ရန်ကုန်ရုံးသို့ အကူအညီ လာရောက်တောင်းခံ သည့်အမှုများမှာ သက်ငယ် မုဒိမ်းမှုများသာဖြစ်၍ သက်ငယ်မုဒိမ်းဖြစ်ပွားမှု ပမာဏ များပြားနိုင် ကြောင်းနှင့် ကျူးလွန်ခံရသူ အများစုမှာ ရဲစခန်းနှင့် တရားရုံးသို့ သွားရောက်လိုခြင်း မရှိကြောင်း ထိုအဖွဲ့မှ ရှေ့နေ ဒေါ်လှလှရီက ဆို ထားသည်။

ကလေးသူငယ်အကြမ်းဖက်ခံရသူများတွင် အသက် ၃နှစ်၊၅နှစ် အရွယ်ကလေးငယ်များပင် ပါဝင်လျက်ရှိပြီး ထောင်ဒဏ်ချမှတ်ရာ၌မူ လေးနှစ်၊ တစ်နှစ်ကျော်၊ ရှစ်နှစ်တို့ထိသာ များပြားကြောင်း၊ သို့ရာတွင် နိုင်ငံခြား သူအချို့ ယင်းသို့ ကျူးလွန်ခံရမှုများ၌မူ အခြားစွဲချက်များဖြင့်ပါ စုပေါင်း၍ ထောင်ဒဏ်နှစ် ၄၃ နှစ်၊ နှစ် ၂၀ စသည် ဖြင့် ချမှတ်မှုများရှိနေသည့်အတွက် တရားမျှတစွာ စီရင်စေလိုကြောင်းလည်း ထောက်ပြမှုအချို့ ရှိနေသည်။

မြန်မာနိုင်ငံ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ တွင် "မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်း ထားသည်။ သို့သော်လည်းယင်းမှာ အရွယ်မရောက်သေးသူ ကလေးသူငယ်များနှင့် ပတ်သက်၍မူ သီးခြား ပြဋ္ဌာန်း ထားခြင်းမရှိသေးပေ။ကလေးသူငယ် အဓမ္မပြုကျင့်ခံရမှုများကို ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေး ဥပဒေတစ်ရပ် သီးသန့်ပေါ် ထွက်လာစေရန် သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွန့် က ၂၀၁၃ ခုနှစ် အောက်တို ဘာလက လွှတ်တော်တွင် အရေးဆိုခဲ့ရာ လက်ခံဆွေးနွေးရန် မဲခွဲ ဆုံးဖြတ်ရာ ၌ ထောက်ခံသူ၁၉ မဲ ၊ ကန့်ကွက်သူ ၃၀၁ ပဲ ဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် မေလကုန်အထိ သက်ငယ်မုဒိမ်းမှု စုစုပေါင်း (၁၁၅၂)ကျော် ဖြစ်ပွားခဲ့ပြီး ၎င်းတို့ အထဲတွင် အမှုပေါင်း (၅၀၀) ကျော်မှာ အသက် (၁၀) နှစ် အောက် ကလေးများ ဖြစ် သည်ဟု သိရသည်။ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်မှ ယင်းဖြစ်ရပ်ခံစားခဲ့ရသည့် ကလေးသူငယ်များအတွက် ပြန်လည်ကုစားမှုများ နှင့်အတူ ယင်းဖြစ်ရပ်များ ပပျောက်စေရန် မည်သို့လုပ်ဆောင်နိုင်မည်နည်း ဆိုသည် တို့ကို ဆွေးနွေးကြမည်ဖြစ်ပါသည်။

**သူတို့အမြင်**

"မိဘတွေက စီးပွားရေး အဆင်မပြေတဲ့အခါကျတော့ ဒီကလေးတွေ စောင့်ရှောက်ဖို့အတွက် အချိန်မပေး နိုင်ဘူး။ ဒီလို အမှုတွေကိုတော့ ထောင်ဒဏ် တစ်သက်တစ်ကျွန်းထိ ပြစ်ဒဏ်တွေ ထုတ်ထားပေမယ့် စီရင် ချက်ချတဲ့ တရားသူကြီးရဲ့ ဆင်ခြင်တုံတရားပေါ် မူတည်တယ်"
**ဦးမောင်မောင်ကြီး** - တရား လွှတ်တော်ရှေ့နေ

"မုဒိန်းမှုက တကယ်ဆို ၁၀နှစ်ကနေ တသက်တကျွန်း ပေမယ့် တကယ်ဖြစ်လာတော့ နှစ်အနည်းငယ်ပဲ ချ တယ်။ တချို့အမှုတွေဆိုရင် သက်သေတွေမစုံတော့ အမှုတွေ ပျောက်သွား တယ်။ ကျမတို့ မြန်မာပြည်မှာ ထိရောက်ဟန့်တားတဲ့ ဥပဒေ အခုထိမရှိသေးဘူး" **ဒေါ်လှလှစိုး** - ဥပဒေရေးရာ ကုစားရေးအဖွဲ့ ဒါရိုက်တာ။

"သူတို့ ဒီလို အဓမ္မပြုကျင့်ခံရပါတယ်ဆိုတာကို လုံလောက်တဲ့ သက်သေအထောက်အထား လူအများရှေ့ မှာ ထပ်ခါ စစ်ဆေးရတော့ ထပ်ခါ အရှက်ရတာပေ့ါ။ တရားမျှတမှုကို စီရင်ချက်ချ တဲ့အထိ မစောင့်နိုင် တော့ဘဲ သူတို့ ကိုယ်တိုင် အမှုရုပ်သိမ်းသွားတာတွေ ရှိတယ်"
**မမေစံပယ်ဖြူ** - ကျားမ ရေးရာ တန်းတူညီမျှရေး ကွန်ရက်။

"သက်ငယ်မုဒိန်းမှုတွေကို တိတိကျကျ အမိန့်ချပါ။ နှစ် ၂၀ ၊ ၃၀ ၊ တသက် တကျွန်းလိုမျိုး ချလိုက်ရင် ဘယ်ယော က်ျားမှ လုပ်ရဲမှာ မဟုတ်တော့ဘူး။ အခု ကျတော့ ပြစ်ဒဏ်ချမှတ်တဲ့ အခါမှာ ၄ နှစ်တဲ့၊ ၄ နှစ်ဆိုတာ ပြစ်ဒဏ် လျော့တာနဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို မျှော်နေတာနဲ့ အဲ့ဒါဆိုရင် မုဒိန်းကျင့်တဲ့သူ တွေအတွက်က အေးဆေးပဲ။ တကယ်လုပ်တဲ့သူကို တိတိကျကျ အပြစ်ပေးမယ် ဆိုရင် နောက်လုပ် မယ့်သူက မလုပ်ရဲတော့ဘူး"
**မနိုင် - အခရာအဖွဲ့**

"ပြစ်ဒဏ်က ကောင်းပြီးသား။ တရားစီရင်တဲ့ တရားသူကြီးအနေနဲ့ ပြစ်ဒဏ်ကို ထိထိရောက်ရောက်ချ မှတ်ဖို့ပဲ လိုပါတယ်"

"ဥပဒေအကာအကွယ်ပြည့် ပြည့်ဝဝမရသရွေ့ ဒီကလေးလို အဖြစ်ဆိုးမျိုးတွေ ထပ်ရှိနေဦးမှာပါ"
**မဝင်းဝင်းခိုင်** - အမျိုးသမီးရေးရာ တက်ကြွလှုပ်ရှားသူ။

"ကျွန်တော်တို့က ငွေကြေး ပြည့်စုံသူတွေမဟုတ်ပါဘူး။ ရုံးချိန်းကလည်း ၁၅ ချိန်းလောက် ရှိနေပြီ။ ပြစ်မှုကျူး လွန်သူကလည်း အပြင်မှာပြန်ရောက်နေတယ်။ မုဒိမ်းမှုဆိုတာ အာမခံပေးလို့ ရ၊ မရတော့ ကျွန်တော်မသိပါဘူး။ အခုလိုရှင်းတာကလည်း ကျွန်တော့်မြေးနစ်နာခဲ့သလို အခြား ကလေးတွေ မဖြစ်ရအောင် ရည်ရွယ်ပါတယ်"
**ဦးငွေဘော်** - အဓမ္မပြုကျင့်ခံရသည့် အသက်(၃) နှစ်ကျော်အရွယ်ရှိ ကလေးငယ်၏ အဘိုး။

"မုဒိမ်းမှုကျူးလွန်သူတွေ၊ ဓမ္မတာနှင့် ဆန့်ကျင်သော ပြစ်မှုကျူးလွန်သူတွေကတော့ ကျွန်တော်လေ့လာ မိသမျှ ပြောရလျှင် တစ်သက်တစ်ကျွန်းဒဏ်ပင် ကျခံရခြင်းမရှိကြပါဘူး။ အများဆုံး ထောင်ဒဏ် ၁၀ နှစ်ချမှတ်သည့် အမှုများပင်လျှင် တကယ်ပြစ်ဒဏ်ကျခံတဲ့အခါမှာ သက်တမ်းမစေ့ဘဲ ပြန်လွတ်လာသူ အမြောက်အများပါ။ ကလေးသူငယ်တွေရဲ့ အနာဂတ်ကို ဖျက်ဆီးခဲ့သူများအား လက်ရှိပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်များဖြင့် ချမှတ် နေမည် ဆိုလျှင် ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ကလေးသူငယ်အပေါ် ကျူးလွန်ခဲ့တဲ့ မုဒိမ်းမှုတွေကို ကျွန်တော် တို့ ဘယ်လိုကာကွယ်ကြမလဲ" **ဦးသိန်းညွန့်** - (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)

***Information links:***

www.7daydaily.com

www.burma.irrawaddy.org

www.dvbdebate.net